## နိုင်ငံခြားငွေလွှဲပြောင်းခြင်းများဆိုင်ရာ အမျိုးအစားခွဲခြားသတ်မှတ်ခြင်းအတွက် ညွှန်ကြားချက်များ

## နိဒါန်း

"ပြည်ပမှ ငွေလွှဲပေးပို့ခြင်းဆိုင်ရာ နေ့စဉ်ထုတ်ပြန်ချက်" နှင့် "ပြည်ပသို့ ငွေလွှဲပေးပို့ခြင်းဆိုင်ရာ နေ့စဉ်ထုတ်ပြန်ချက်" တွင် နိုင်ငံခြားငွေလွှဲပြောင်းခြင်းများကို အမျိုးအစားခွဲခြားရာ၌ ကုဒ်နံပါတ်များအသုံးပြုခြင်းနှင့် စပ်လျဉ်း၍ လိုက်နာရမည့် အခြေခံလမ်းညွှန်ချက်များကို သိသာစေရန် ဤညွှန်ကြားချက်ကို ထုတ်ပြန်ပါသည်။ ဤလမ်းညွှန်ချက်များသည် မြန်မာနိုင်ငံ ဗဟိုဘဏ် (CBM) သုတေသနနှင့် စာရင်းအင်းဌာန၏ ငွေပေးငွေယူရှင်းတန်းများ အပိုင်း(BPS) သို့ပေးသွင်းသော ဒေတာအချက်အလက်များအပေါ် လည်း သက်ရောက်မှု ရှိသည်။

ဤညွှန်ကြားချက်များသည် *နိုင်ငံတကာငွေကြေးရံပုံငွေအဖွဲ့၏ ငွေပေးငွေယူရှင်းတန်းဆိုင်ရာ စာတန်းနှင့် အပြည်ပြည်ဆိုင် ရင်းနှီးမြှုပ်နှံမှု အနေအထားစာတန်း (BPM6)* ၏ ၆ ကြိမ်မြောက် တည်းဖြတ်မှုကို ကျယ်ကျယ်ပြန့်ပြန့် အခြေခံထားပါသည်။ အကယ်၍ အသုံးပြုသူသည် နိုင်ငံခြားငွေလွှဲပြောင်းခြင်းများ ဆိုင်ရာ ညွှန်ကြားချက်များကို အသုံးပြုရာတွင် ရှင်းလင်းမှုမရှိပါလျှင် ဗဟိုဘဏ်၏ BPS သို့မဟုတ် နိုင်ငံခြားငွေစီမံခန့်ခွဲမှုဌာသို့ ဆက်သွယ် မေးမြန်းနိုင်ပါသည်။

## အမြဲတန်းနေထိုင်သူနှင့် အမြဲတန်း မနေထိုင်သူများ

ငွေပေးချေမှုများတွင် ရှင်းလင်းမှုရှိရန်အတွက် ရည်ရွယ်ပြီး အမြဲတန်းနေထိုင်သူနှင့် အမြဲတန်း မနေထိုင်သူများကို အောက်ပါအတိုင်း အဓိပ္ပါယ် ဖွင့်ဆိုပါသည်-

### အမြဲတန်းနေထိုင်သူ

မြန်မာနိုင်ငံတွင်အတည်တကျ နေထိုင်လုပ်ကိုင်သည့် မည်သည့် လူပုဂ္ဂိုလ်၊ လုပ်ငန်း သို့မဟုတ် အဖွဲ့အစည်းကို မဆို အမြဲတန်းနေထိုင်သူဟု သတ်မှတ်သည်။ မြန်မာနိုင်ငံတွင် အခြေစိုက်သည့် မူရင်းမိခင်ကုမ္ပဏီများ၏ ပြည်ပတွင်ရှိသည့် ကုမ္ပဏီခွဲများကို အမြဲတန်း မနေထိုင်သူ အဖြစ် အဓိပ္ပါယ်ဖွင့်ဆိုပြီး ယင်းသို့ သတ်မှတ်သွားမည်။ ပြည်ပဘဏ်များ၏ မြန်မာနိုင်ငံတွင် ဖွင့်ထားလုပ်ကိုင်သည့် ဘဏ်ခွဲများကို အမြဲတန်းနေထိုင်သူများ အဖြစ် ဖွင့်ဆိုသတ်မှတ်ပါမည်။

### အမြဲတန်းမနေထိုင်သူ

မြန်မာနိုင်ငံပြင်ပရှိတွင် အတည်တကျနေထိုင်လုပ်ကိုင်သည့် မည်သည့် လူပုဂ္ဂိုလ်၊ လုပ်ငန်း သို့မဟုတ် အဖွဲ့အစည်းကိုမဆို အမြဲတန်း မနေထိုင်သူဟု သတ်မှတ်သည်။ ပြည်ပဘဏ်များ၏ မြန်မာနိုင်ငံတွင် ဖွင့်ထားလုပ်ကိုင်သည့် ဘဏ်ခွဲများကို အမြဲတန်းနေထိုင်သူများ အဖြစ် ဖွင့်ဆိုသတ်မှတ်ပါမည်။

**အမျိုးအစားများ**

**၁ - ကုန်ပစ္စည်းများ ကုန်သွယ်ခြင်း၊ ဝန်ဆောင်မှုကုန်သွယ်ခြင်းနှင့် လွှဲပြောင်းခြင်းများ**

### ၁။ ကုန်ပစ္စည်းများ

### ကုန်ပစ္စည်းများ တင်ပို့ခြင်း (၁၁၀၀)

သတင်းပေးပို့သည့် ငွေကြေးပမာဏတွင် တင်ပို့သည့်ပစ္စည်းများအတွက် မြန်မာနိုင်ငံတွင်း နေထိုင်သူများက လက်ခံရရှိသော ငွေပေးချေမှုများကိုပါ ထည့်သွင်းဖော်ပြရမည်။

ဤအမျိုးအစားတွင် ပစ္စည်းတင်ပို့သူက ပြည်ပအခြေစိုက် ဝယ်ယူသူများထံမှ အနာဂတ် နေ့စွဲဖြင့် (၈၅၃၀ သို့မဟုတ် ၈၅၄၀) ပေးပို့မည့် ကုန်များအတွက် ကြိုတင်ပေးချေငွေများ၊ သို့မဟုတ် ပေးပို့ပြီးသော ကုန်များ (၇၅၃၀ သို့မဟုတ် ၇၅၄၀) အတွက် အမြဲတန်းနေထိုင်သူများက ပြည်ပအခြေစိုက် အမြဲတန်းမနေထိုင်သူ ဝယ်ယူသူများထံမှ လက်ခံရရှိသော ငွေပေးချေမှုများကို ထည့်သွင်းခြင်း <u>မပြုရ။</u> ရှင်းလင်းချက်များအတွက် ကုဒ်နံပါတ် ၇၅၃၀၊ ၇၅၄၀၊ ၈၅၃၀၊ နှင့် အသေးစိတ်ရှင်းလင်းချက်များအတွက် ၈၅၄၀ ကို ကြည့်ပါ။

### ကုန်ပစ္စည်းများ တင်သွင်းခြင်း (၁၂၀၀)

သတင်းပေးပို့သည့် ငွေကြေးပမာဏတွင် တင်ပို့သည့်ပစ္စည်းများအတွက် မြန်မာနိုင်ငံတွင်း နေထိုင်သူများက ပေးချေသည့် ငွေပေးချေမှုများကိုပါ ထည့်သွင်းဖော်ပြရမည်။

ဤအမျိုးအစားတွင် အမြဲတန်းနေထိုင်သည့် ကုန်တင်သွင်းသူများက တင်သွင်းမည့်ကုန် (၇၅၃၀ သို့မဟုတ် ၇၅၄၀) အတွက် အမြဲတန်းမနေထိုင်သည့် ရောင်းချသူများအား ကြိုတင်ပေးချေမှုများ၊ သို့မဟုတ် အမြဲတန်းမနေထိုင်သည့် ရောင်းချသူ (၈၅၃၀ သို့မဟုတ်

၈၅၄၀) က အချိန်တိုးချဲ့ထားပြီး ခရက်တစ်ဖြင့် ပေးချေသော သွင်းကုန်များအတွက် တင်သွင်းသူ၏ ပေးချေမှုများကို ထည့်သွင်းခြင်း **မပြုရပါ။** ဤအမျိုးအစားနှင့် လုပ်ငန်းလည်ပတ်မှုဆိုင်ရာ ငှားရမ်းခြင်း (၃၇၂၅) ဖြင့် နိုင်ငံတွင်းသို့ တင်သွင်းလာသည့် ကုန်ပစ္စည်းများကို ထည့်သွင်းခြင်း **မပြုရပါ။** ရှင်းလင်းချက်များအတွက် ကုဒ်နံပါတ် ၃၇၂၅၊ ၇၅၃၀၊ ၇၅၄၀၊ ၈၅၃၀၊ နှင့် အသေးစိတ်ရှင်းလင်းချက်များအတွက် ၈၅၄၀ ကို ကြည့်ပါ။

## ၂။ သယ်ယူပို့ဆောင်ရေးနှင့် ခရီးသွားဝန်ဆောင်မှုများ

သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုများတွင် အမြဲတန်းနေထိုင်သူများ၏ လုပ်ငန်းတစ်မျိုးမျိုးဖြင့် ဝန်ဆောင်မှုပေးသည့် သယ်ယူပို့ဆောင်ရေးနည်းလမ်းအားလုံး ပါဝင်သည်။

### ၂။၁ ကုန်စည်းပို့ဆောင်ရေး ဝန်ဆောင်မှုများ

သတင်းပေးပို့သော ပမာဏတွင် ကုန်ပစ္စည်းသယ်ယူပို့ဆောင်မှုအတွက် ပေးချေမှုများကို ထည့်သွင်းရမည်။ ငွေပေးချေမှုသည် စုစုပေါင်းဝင်ငွေပေါ်တွင် အခြေခံ၍ ထည့်သွင်းရမည် ဖြစ်ပြီး ယင်းသည် ပို့ဆောင်ရေးအေးဂျင့်အတွက် ပေးအပ်သည့် ကော်မရှင်ကို မနှုတ်ယူမီ ရရှိသည့် ဝင်ငွေဖြစ်သည်။

**ရေကြောင်း သယ်ယူပို့ဆောင်ခြင်း (၂၁၁၀)**
**လေကြောင်း သယ်ယူပို့ဆောင်ခြင်း (၂၁၂၀)**
**အခြား သယ်ယူပို့ဆောင်ခြင်း (၂၀၃၀)**

### ၂။၂ ခရီးသည် ဝန်ဆောင်မှုများ

သတင်းပေးပို့သည့် ပမာဏတွင် ခရီးသည်များအား သယ်ယူပို့ဆောင်မှုအတွက် ပေးချေမှုများကို ထည့်သွင်းရမည်။ ငွေပေးချေမှုသည် စုစုပေါင်းဝင်ငွေပေါ်တွင် အခြေခံ၍ ထည့်သွင်းရမည် ဖြစ်ပြီး ယင်းသည် လက်မှတ်အရောင်းအတွက် ပေးအပ်သည့် ကော်မရှင်ကို မနှုတ်ယူမီ ရရှိသည့် ဝင်ငွေဖြစ်သည်။

**ရေကြောင်း သယ်ယူပို့ဆောင်ခြင်း (၂၂၁၀)**
**လေကြောင်း သယ်ယူပို့ဆောင်ခြင်း (၂၂၂၀)**
**အခြား သယ်ယူပို့ဆောင်ခြင်း (၂၂၃၀)**

### ၂။၃ အခြား သယ်ယူပို့ဆောင်ရေး ဝန်ဆောင်မှုများ

သတင်းပေးပို့သည့် ပမာဏတွင် လူများနှင့် ကုန်ပစ္စည်းများအား တိုက်ရိုက် သယ်ယူပို့ဆောင်မှုများ မဟုတ်ဘဲ အထောက်အကူပေးသည့် ဝန်ဆောင်မှုများအတွက် ပေးချေမှုများကို ထည့်သွင်းရမည်။ ဤအမျိုးအစားတွင် သယ်ယူပို့ဆောင်ခြင်းမှ သီးခြားခွဲ၍ တောင်းခံသော ကုန်စည်ဆိုင်ရာ ဝန်ဆောင်ခများ၊ သိုလှောင်ခြင်းနှင့် သိမ်းဆည်းခြင်း၊ ထုတ်ပိုးခြင်းနှင့် ပြန်လည်ထုတ်ပိုးခြင်း၊ ကုန်စည်သယ်ယူပို့ဆောင်သည့် ဝန်ဆောင်မှုများတွင် မပါဝင်သည့် ရွှေ့ပြောင်းခြင်းများ၊ သယ်ယူမှုလမ်းကြောင်းပြသစီမံပံ့ပိုးမှုများ၊ လေကြောင်းထိန်းသိမ်းရေး၊ သင်္ဘောဆိပ်နှင့် လေဆိပ်တွင် သယ်ယူမှုကိရိယာသန့်ရှင်းရေး လုပ်ဆောင်မှုများ၊ ရှင်းလင်းဆယ်ယူခြင်းများ၊ နှင့် ခရီးသည်နှင့် ကုန်သယ်ယူပို့ဆောင်ခြင်း ဆိုင်ရာ ကိုယ်စားလှယ်စရိတ်စကများ (ဥပမာ။ ကုန်ဆက်လက်ပို့ဆောင်ခြင်းနှင့် ပွဲစားဝန်ဆောင်မှုများ) ပါဝင်သည်။

စာတိုက်နှင့် သယ်ယူပို့ဆောင်ခြင်း ဝန်ဆောင်မှုများလည်း ပါဝင်သည်။ ဤဝန်ဆောင်မှုများတွင် စာများ၊ သတင်းစာများ၊ ပုံမှန်ထုတ်စာစောင်များ၊ လက်ကမ်းစာစောင်များ၊ အခြားပုံနှိပ်စာများ၊ ပါဆယ်အထုတ်များကို လာရောက်ယူဆောင်ခြင်း၊ သယ်ယူခြင်းနှင့် အိမ်တိုင်ရာရောက် ပို့ဆောင်ခြင်းတို့ ပါဝင်သည်။ ၎င်းအပြင် တံဆိပ်ခေါင်းနှင့် စာတိုက်ပုံးငှားရမ်းသည့် ဝန်ဆောင်မှုများကဲ့သို့သော စာတိုက်တွင်း ဝန်ဆောင်မှုများလည်း ပါဝင်သည်။

**ရေကြောင်း သယ်ယူပို့ဆောင်ခြင်း (၂၃၁၀)**
**လေကြောင်း သယ်ယူပို့ဆောင်ခြင်း (၂၃၂၀)**
**အခြား သယ်ယူပို့ဆောင်ခြင်း (၂၃၃၀)**
**စာတိုက်နှင့် ပို့ဆောင်ရေးဝန်ဆောင်မှုများ (၂၃၄၀)**

## ၂။၄ ခရီးသွားလုပ်ငန်း

အမြဲနေထိုင်သူ မဟုတ်သူများက ၎င်းတို့၏အလုပ်ခရီးဖြင့် လာရောက်စဉ်အတွင်း မိမိတို့ ကိုယ်ပိုင်အသုံးပြုမှု အတွက် ဖြစ်စေ၊ အလုပ်သဘောအရ အခြားသူများအတွက် ဖြစ်စေ ပေးချေသည့် ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုဆိုင်ရာ ဈေးငွေများ ပါဝင်သည်။ အမြဲနေထိုင်သူများက အခြားအလုပ်ခရီးဖြင့် လာရောက်စဉ်အတွင်း မိမိတို့ ကိုယ်ပိုင်အသုံးပြုမှု အတွက် ဖြစ်စေ၊ အခြားလုပ်ငန်းများ၏ အလုပ်သဘောအရ အခြားသူများအတွက် ဖြစ်စေ ပေးချေသည့် ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှု သုံးငွေများ ပါဝင်သည်။

**အလုပ်ခရီးစဉ် (၂၅၁၀)**

အလုပ်သဘောအရခရီးသွားသည့် လူပုဂ္ဂိုလ်များအတွက် အသုံးပြုရန်လိုအပ်သည့် အလုပ်ခရီးဆိုင်ရာ ကုန်စည်နှင့် ဝန်ဆောင်မှုများ ပါဝင်သည်။

**ကိုယ်ရေးကိုယ်တာ ခရီးစဉ် (၂၅၂၀)**

အလုပ်သဘောအရမဟုတ်ဘဲ ပြည်ပခရီးထွက်ခွါသည့်လုပုဂ္ဂိုလ်များအတွက် အသုံးပြုရန်လိုအပ်သည့် ကိုယ်ရေးကိုယ်တာခရီးစဉ်ဆိုင်ရာ ကုန်စည်နှင့် ဝန်ဆောင်မှုများ၊ ဥပမာ။ အပန်းဖြေခရီး၊ အနားယူခြင်းနှင့် ယဉ်ကျေးမှုဆိုင်ရာလှုပ်ရှားမှုများတွင် ပါဝင်လုပ်ဆောင်ခြင်း၊ မိတ်ဆွေ သင်္ဂဟများကို လည်ပတ်ခြင်း၊ ဘုရားဖူးခရီးသွားခြင်းနှင့် ပညာရေးနှင့် ကျန်းမာရေးဆိုင်ရာ ခရီးစဉ်များ ပါဝင်သည်။

**၃။ အခြားဝန်ဆောင်မှုများ**

**ကုန်ထုတ်လုပ်ခြင်း ဝန်ဆောင်မှုများ (၃၁၀၀)**

အမြဲတန်းနေထိုင်သူက ပိုင်ဆိုင်သည့် အခြားစီးပွားရေးလုပ်ငန်းမှ ထုတ်လုပ်ခြင်း၊ တပ်ဆင်ခြင်း၊ တံဆိပ်ကပ် ထုတ်ပိုးခြင်းများကဲ့သို့ လုပ်ဆောင်မှုများ ပါဝင်သည့် ကုန်ထုတ်လုပ်မှုဆိုင်ရာ ဝန်ဆောင်မှုများ ပါဝင်သည်။

**ပြုပြင်ထိန်းသိမ်းခြင်း ဝန်ဆောင်မှု (၃၂၀၀)**

ဤဝန်ဆောင်မှုများတွင် ပြုပြင်ထိန်းသိမ်းခြင်းများနှင့် အပိုပစ္စည်း ကိရိယာများတန်ဖိုး သို့မဟုတ် ပြုပြင်မွန်းမံစရိတ်တွင် ထည့်သွင်းထားသည့် အဖိုးအခများပါဝင်သည်။ အပိုပစ္စည်းများ သို့မဟုတ် ပစ္စည်းကိရိယာများကို သီးခြားရောင်းချပါက ၎င်းတို့အား ဝန်ဆောင်မှုတန်ဖိုးထဲမှ ထုတ်ပယ်ပြီး အခြားသွင်းကုန် သို့မဟုတ် ထုတ်ကုန်များအောက်တွင် ထည့်သွင်းရမည်။

**ပြည်ပဆောက်လုပ်ရေးလုပ်ငန်း (၃၃၁၀)**

ပြည်ပဆောက်လုပ်ရေးလုပ်ငန်းအောက်တွင် အောက်ပါစာရင်းသွင်းချက်များ ပါရှိသည်-

(က) အမြဲတမ်းနေထိုင်သူ မဟုတ်သူများအတွက် ပြည်ပတွင် ပြုလုပ်သော ဆောက်လုပ်ရေးလုပ်ငန်းများ၌ မြန်မာနိုင်ငံတွင် အမြဲနေထိုင်သူလုပ်ငန်းများသို့ (ခရက်တစ်) ပေးငွေနှင့်

(ခ) အလုပ်သဘောအရ လိုအပ်သည့် ဆောက်လုပ်ရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် လိုအပ်သည့် ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများအတွက် သုံးငွေ (ဒက်ဘစ်)။

## မြန်မာနိုင်ငံတွင်း ဆောက်လုပ်ရေးလုပ်ငန်း (၃၃၂၀)

မြန်မာနိုင်ငံတွင်း ဆောက်လုပ်ရေးလုပ်ငန်းတွင် မြန်မာနိုင်ငံတွင် ရေတိုဝန်ဆောင်မှု (တစ်နှစ်အထိ) ပေးသည့် ဆောက်လုပ်ရေးလုပ်ငန်းများနှင့်/သို့မဟုတ် အမြဲနေထိုင်သူမဟုတ်သည့် ဆောက်လုပ်ရေးကုမ္ပဏီများက တာဝန်ယူဆောက်လုပ်သော ရေရှည်ဆောက်လုပ်ရေးလုပ်ငန်းနှင့် တပ်ဆင်ရေးစီမံချက်များ (တစ်နှစ်နှင့် အထက်) တို့ ပါဝင်သည်။ ၎င်းတွင် လမ်းများ၊ တံတားများ၊ ရေကာတာများ၊ အဆောက်အအုံများ၊ မြေယာပြုပြင်ခြင်း၊ တပ်ဆင်ခြင်းလုပ်ငန်းများ၊ အဆောက်အအုံ ပြုပြင်မွမ်းမံပြင်ဆင်ခြင်း ကဲ့သို့သော ဆောက်လုပ်ရေးစီမံချက်များ ပါဝင်သည်။
မြန်မာနိုင်ငံတွင်း ဆောက်လုပ်ရေးလုပ်ငန်းများအောက်တွင် အောက်ပါတို့ ပါဝင်သည်-

(က) မြန်မာနိုင်ငံတွင် အမြဲနေထိုင်သူများအတွက် ပြုလုပ်သော ဆောက်လုပ်ရေးလုပ်ငန်းများ၌ အမြဲတမ်းနေထိုင်သူ မဟုတ်သည့် ဆောက်လုပ်ရေးလုပ်ငန်းများသို့ ပေးငွေ (ဒက်ဘစ်)၊ နှင့်

(ခ) အမြဲတမ်းနေထိုင်သူမဟုတ်သည့် ဤဆောက်လုပ်ရေးလုပ်ငန်းများက မြန်မာနိုင်ငံတွင်း အမြဲနေထိုင်သူ လုပ်ငန်းများအတွက် လိုအပ်သည့် ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများအတွက် ပေးငွေ (ခရက်တစ်)။

ဤခေါင်းစဉ်အောက်တွင် ပြည်ပအခြေစိုက် ဆောက်လုပ်ရေးကုမ္ပဏီများသည် မြန်မာနိုင်ငံတွင်းရှိ ၎င်းတို့၏ဌာနများ (ရုံးခွဲများ၊ ကုမ္ပဏီခွဲများ၊ ဒေသခံရုံးများ စသည်) နှင့် အမြဲတမ်းနေထိုင်သူများ အကြား ငွေပေးချေခြင်းများကို ထည့်သွင်းခြင်း မပြုရပါ။ အမြဲတမ်းနေထိုင်သူများနှင့် နိုင်ငံခြားငွေပေးချေခြင်းပြုပါက ကုဒ်နံပါတ် (၉XXX) ကိုအသုံးပြုရမည်။

**အာမခံ ပရီမီယံများ (၃၄၁၀)**

အာမခံ ပရီမီယံများအတွက် ပေးချေမှုများ ပါဝင်သည်။

**အာမခံလျော်ကြေးများ (၃၄၂၀)**

အာမခံ လျော်ကြေးတောင်းဆိုချက်များအတွက် ပေးချေမှုများ ပါဝင်သည်။

**ငွေကြေးဝန်ဆောင်ခများ (၃၄၃၀)**

ဤဝန်ဆောင်မှုအောက်တွင် ကြားခံဝန်ဆောင်မှုများဖြစ်သည့် ငှားရမ်းခြင်း၊ ငွေချေးငှားခြင်း၊ ငွေလွှဲစာများ၊ ရေတိုချေးငွေများ၊ ငွေတိုးမြှင့်ချေးငှားခြင်း၊ နိုင်ငံခြားငွေ လွှဲပြောင်းခြင်းနှင့် ခရီးသွားချက်လက်မှတ်ဖြင့် ငွေလွှဲပြောင်းခြင်း၊ ငွေချေးစာချုပ်အတွက် ကျသင့်သည့် ကော်မရှင်နှင့် ပွဲခများ၊ စာချုပ်အစားထိုးခြင်းများ၊ တာဝန်ခံရောင်းဝယ်ပေးခြင်း၊ ပြန်လည်ရွေးနှုတ်ခြင်းများ၊ ဖလှယ်ခြင်းများ၊ ရွေးချယ်စရာများနှင့် အနာဂတ်တာဝန်ယူ ဝန်ဆောင်မှုများ၊ ရင်းနှီးမြှုပ်နှံမှု စာချုပ်စာတန်းများကို လေ့လာဆန်းစစ်၍ ဝယ်ယူ ရောင်းချခြင်းနှင့် အခြား စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ဆောင်ခများ ပါဝင်သည်။

ဤဝန်ဆောင်မှုအောက်တွင် **<u>မပါဝင်သည့်</u>** ငွေကြေးပမာဏများမှာ ချေးငွေများ၊ အစုရှယ်ယာ လက်မှတ်များ၊ ကုန်သွယ်မှုချေးငွေများ စသည် (၇xxx သို့မဟုတ် ၈xxx တွင်ထည့်သွင်းရန် ဖြစ်သော) တို့၏ တန်ဖိုးများဖြစ်သည်။ (ယင်းသို့သော ဝန်ဆောင်မှုပေးသည့် ဘဏ် သို့မဟုတ် အခြား အဖွဲ့အစည်းများက) ငွေကြေးလွှဲပြောင်းခြင်းများတွင် ကြားဝင်ဆောင်ရွက်ပေးမှု အတွက် ၎င်းတို့၏ ဝန်ဆောင်ခများအဖြစ် ချမှတ်သော အခကြေးငွေများကိုသာ ထည့်သွင်းရမည်။

**မူပိုင်ခွင့်အသုံးပြုမှုအတွက် အဖိုးအခ ကျသင့်ငွေများ (မူပိုင်ခွင့်နှင့် လိုင်စင်ကြေးများ) (၃၅၀၀)**

ဤစာရင်းအောက်တွင် ပါဝင်သည့်အရာများမှာ ပစ္စည်းမူပိုင်ခွင့်၊ စာမူပိုင်ခွင့်၊ ကုန်သွယ်တံဆိပ် မူပိုင်ခွင့်၊ စက်မှုပိုင်းဆိုင်ရာ ထုတ်လုပ်ခွင့်၊ ဆိုင်ခွဲဖွင့်ခွင့် စသည်တို့နှင့် လက်ရေးမူများ၊ ပန်းချီများ၊ ပန်းပုများ စသည်တို့ကို ပုံတူထုတ်လုပ်မှု နှင့်/သို့မဟုတ် ဖြန့်ဖြူးမှု (ဥပမာ- စာအုပ်နှင့် စာမူတို့၏ မူပိုင်ခွင့်များ၊ ကွန်ပျူတာဆော့ဖ်ဝဲ၊ ရုပ်ရှင်ရိုက်ကူးမှုများနှင့် အသံသွင်းချက်များ၊ ၎င်းတို့နှင့်ဆက်စပ်နေသော အခွင့်အရေးများဖြစ်သည့်

တိုက်ရိုက်ထုတ်လွှင့်မှုများ၊ ရုပ်မြင်သံကြားနှင့် ကေဘယ် အစရှိသည်) တို့နှင့် ပတ်သက်သည့် လိုင်စင်သဘောတူညီမှုများအတွက် ကျသင့်သည့် အဖိုးအခများ ဖြစ်သည်။

**ဆက်သွယ်ဆောင်ရွက်ရေး ဝန်ဆောင်မှုများ (၃၆၁၀)**

ဤဝန်ဆောင်မှုများတွင် အသံ၊ ပုံ၊ ဒေတာ သို့မဟုတ် အခြားအချက်အလက်များကို တယ်လီဖုန်း၊ တယ်လက်စနစ်၊ ကြေးနန်း၊ ကေဘယ်မှ ရေဒီယိုနှင့် ရုပ်မြင်သံကြား ထုတ်လွှင့်ခြင်း၊ ဆက်တလိုက်မှ ရေဒီယိုနှင့် ရုပ်မြင်သံကြား ထုတ်လွှင့်ခြင်း၊ အီးမေးလ် နှင့် ကွန်ရက်မှ ဆက်သွယ်ခြင်း၊ အွန်လိုင်းမှ ဆက်သွယ်ဆောင်ရွက်ခြင်း စသည့် ဝန်ဆောင်မှုများ ပါဝင်သည်။

**ကွန်ပျူတာဝန်ဆောင်မှုများ (၃၆၂၀)**

ဤဝန်ဆောင်မှုများတွင် ဒေတာအခြေပြုသည့် ဖန်တီးမှုများ၊ သိုလှောင်မှုနှင့် အွန်လိုင်း ပံ့ပိုးမှုများ စသည်၊ ဒေတာအသုံးပြုဆောင်ရွက်ခြင်း၊ ဇယားများရေးဆွဲခြင်း၊ လုပ်ငန်းစဉ်များ ဆောင်ရွက်သည့် ဝန်ဆောင်မှုများ (အချိန်ခွဲဝေခြင်း သို့မဟုတ် တိကျသည့် အခြေခံဖြင့်)၊ နှင့် လုပ်ငန်းစဉ်စီမံခန့်ခွဲမှု ဝန်ဆောင်မှုများ စသည်၊ ဟာဒ်ဝဲ အကြံပေး ဝန်ဆောင်မှု၊ ဆော့ဖ်ဝဲ ဒီဇိုင်း၊ ဖန်တီးမှုနှင့် သီးခြားအကောင်အထည်ဖော် ဆောင်ရွက်မှုနှင့် ပရိုဂရမ်ရေးဆွဲခြင်း စသည်၊ ကွန်ပျူတာနှင့် စက်ပစ္စည်းများပြင်ဆင်မွမ်းမံခြင်း စသည်၊ နှင့် ကွန်ပျူတာဆိုင်ရာ အွန်လိုင်းဒေါင်းလုဒ် လုပ်ခြင်းများ ပါဝင်သည်။

**သတင်းအချက်အလက် ဝန်ဆောင်မှုများ (၃၆၃၀)**

ဤအမျိုးအစားတွင် သတင်းအေဂျင်စီဝန်ဆောင်မှုများ၊ ဒေတာ ဝန်ဆောင်မှုများနှင့် ဝဘ် ရှာဖွေရေးအင်ဂျင်များ ပါဝင်သည်။ ၎င်းအပြင် သတင်းစာနှင့် ပုံမှန်ထုတ်စာစောင်များကို စာတိုက်မှဖြစ်စေ အွန်လိုင်းမှဖြစ်စေ သို့မဟုတ် အခြားနည်းလမ်းများဖြင့် ဖြစ်စေ တိုက်ရိုက်မှာယူခြင်းများ၊ အခြားအွန်လိုင်းအချက်အလက်ဆိုင်ရာ ဝန်ဆောင်မှုများ (ဆော့ဖ်ဝဲ သို့မဟုတ် အော်ဒီယို၊ အီး-ဘုတ်နှင့် ဗီဒီယိုမှလွဲ၍)၊ စာကြည့်တိုက်နှင့် မော်ကွန်းမှတ်တမ်း ဆိုင်ရာ ဝန်ဆောင်မှုများ ပါဝင်သည်။

**သုတေသနနှင့် ဖွံ့ဖြိုးမှုဆိုင်ရာ ဝန်ဆောင်မှုများ (၃၇၁၀)**

ဤလုပ်ငန်းအောက်တွင် အခြေခံ သုတေသန၊ အသုံးချသုတေသနနှင့် ကုန်စည်အသစ်နှင့် လုပ်ငန်းစဉ်များကို စမ်းသပ်တီထွင်ခြင်း (ဥပမာ- ရူပဗေဒ၊ လူမှုရေးသိပ္ပံနှင့် လူမှုဘာသာရပ်များဆိုင်ရာ သုတေသနများ) ပါဝင်သည်။

**ကျွမ်းကျင်ပညာရှင်နှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ဆောင်မှုများ (၃၇၂၈)**

ဤဝန်ဆောင်မှုများတွင် ဥပဒေရေး အကြံပေးမှုများ၊ ကိုယ်စားဆောင်ရွက်မှုများနှင့် အထောက်အထား စာရွက်စာတန်းများ စသည်၊ စာရင်းအင်း၊ စာရင်းစိစစ်ခြင်း၊ စာရင်းထိန်းသိမ်းခြင်းနှင့် အခွန်ဆိုင်ရာ ဝန်ဆောင်မှုများ စသည်၊ အစီအစဉ်ရေးဆွဲခြင်း၊ စီမံခန့်ခွဲခြင်း၊ ကုန်ကျစရိတ်တွက်ချက်ခြင်းနှင့် လူသားအရင်းအမြစ် စီမံခန့်ခွဲခြင်း စသည်၊ နှင့် ပြည်သူ့ဆက်ဆံရေးလုပ်ငန်းတို့ ပါဝင်သည်။ ထို့အပြင် ကြော်ငြာဝန်ဆောင်မှုများ၊ ကုန်စည်ပြပွဲ ဝန်ဆောင်မှုများ၊ ဈေးကွက်သုတေသနပြုခြင်းများနှင့် လူထုသဘောထားကောက်ယူသည့် ဝန်ဆောင်မှုများ ပါဝင်သည်။

**ငှားရမ်းမှုများ (ပစ္စည်းကိရိယာ ငှားရမ်းခြင်း) (၃၇၂၅)**

ငှားရမ်းမှုများသည် ပိုင်ဆိုင်သည့် ပစ္စည်းများအား ငှားရမ်းသည့် လုပ်ဆောင်ချက်ကို ဆိုလိုသည်။ သတင်းပေးပို့သည့် ပမာဏတွင် ရေယာဉ်များ၊ လေယာဉ်များနှင့် သယ်ယူပို့ဆောင်ရေး ကိရိယာများ (ရထားတွဲများ၊ ကွန်တိန်နာများကဲ့သို့သော) နှင့် အခြားပစ္စည်းများအား ငှားရမ်းအသုံးပြုခြင်းများကို ထည့်သွင်းရမည်။ ဤအမျိုးအစားအောက်တွင် မပါရှိသည့် အချက်များမှာ ငွေကြေးချေးငှားမှုဆိုင်ရာ ပေးချေမှုများ ဖြစ်သည်။ <u>ငွေကြေးချေးငှားမှု</u> သဘောတူညီချက်စာချုပ် (၈၅၁၈ နှင့် ၈၅၂၈) အရ ဝယ်ယူသည့်ပစ္စည်းများ (သွင်းကုန်) နှင့် ပတ်သက်သည့် အာမခံအတွက် ပြန်လည်ပေးချေမှုများကို ဤနေရာတွင် ထည့်သွင်း၍ <u>**မရပါ။**</u>

**နည်းပညာဆိုင်ရာ၊ ကုန်သွယ်မှုဆိုင်ရာနှင့် အခြား လုပ်ငန်းဆိုင်ရာ ဝန်ဆောင်မှုများ (၃၇၃၈)**

ဤဝန်ဆောင်မှုများတွင် မြို့တွင်း ဆောက်လုပ်ရေးဆိုင်ရာနှင့် အခြားဖွံ့ဖြိုးရေးစီမံချက်များ စသည်၊ အစီအစဉ်ရေးဆွဲခြင်း၊ ပရောဂျက်ဒီဇိုင်း၊ ဆည်များ၊ တံတားများ၊ လေဆိပ်များ၊ အသင့်သုံးနိုင်ရန် ပြင်ဆင်ပြီး ထုတ်ကုန်များ စသည်၊ လေ့လာဆန်းစစ်ခြင်း၊ ထုတ်ကုန် စမ်းသပ်ခြင်းနှင့် ထောက်ခံချက်ပေးခြင်း၊ စက်ပိုင်းဆိုင်ရာစမ်းသပ်ချက် ဝန်ဆောင်မှုများ စသည်၊ လူသုံးကုန်အကျိုးဆောင်ခများနှင့်ပတ်သက်သည့် ကုန်စည်၊ ဝန်ဆောင်မှုဆိုင်ရာ ကော်မရှင်များ၊ လေလံဆွဲရောင်းချခြင်း၊ ရေယာဉ်နှင့် လေယာဉ်များ ရောင်းချခြင်း စသည်၊ ရေ၊

ဓာတ်ငွေ့နှင့် အခြားရေနံဆိုင်ရာထုတ်ကုန်များ ဖြန့်ဖြူးခြင်းဆိုင်ရာ ဝန်ဆောင်မှုများနှင့် လေအေးပေးစက် ဖြန့်ချီခြင်း (ဓာတ်အားဝန်ဆောင်မှုပေးခြင်းမှ သီးခြားဖြစ်သော) စသည်၊ လုံခြုံရေးနှင့် စုံစမ်းထောက်လှမ်းရေးဝန်ဆောင်မှုများ၊ ဘာသာပြန်နှင့် စကားပြန်ဝန်ဆောင်မှု၊ ဓာတ်ပုံရိုက်ကူးခြင်း၊ အဆောက်အအုံသန့်ရှင်းရေး၊ ဝန်ထမ်းရှာဖွေပေးရေး၊ အဆောက်အအုံ ငှားရမ်းခြင်း ဝန်ဆောင်မှုများ စသည်တို့ ပါဝင်သည်။

## ရုပ်သံနှင့် ယင်းတို့နှင့် သက်ဆိုင်သော ဝန်ဆောင်မှုများ (၃၇၄၀)

ရုပ်ရှင်ထုတ်လုပ်ရေး (ဖလင်၊ ဗီဒီယိုတိတ်ခွေ၊ ဒစ် သို့မဟုတ် အီလက်ထရွန်နစ်စနစ်သုံး ပေးပို့ခြင်းများစသည်)၊ ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များ (တိုက်ရိုက် သို့မဟုတ် ရိုက်ကူးဖမ်းယူခြင်း) နှင့် တေးဂီတအသံဖမ်းယူမှုများဆိုင်ရာ ဝန်ဆောင်မှုနှင့် အဖိုးအခကျသင့်ငွေများ ပါဝင်သည်။

## ပုဂ္ဂလိက၊ ယဉ်ကျေးမှုနှင့် အပန်းဖြေအနားယူခြင်းဆိုင်ရာ ဝန်ဆောင်မှုများ (၃၇၅၀)

ယင်းဝန်ဆောင်မှုများတွင် သရုပ်ဆောင်များ၊ ဒါရိုက်တာများ၊ ရိုက်ကူးထုတ်လုပ်သူများက ရုပ်ရှင်နှင့် ရုပ်မြင်သံကြား ရိုက်ကူးထုတ်လုပ်ခြင်းအတွက် လက်ခံရရှိသည့် ငွေကြေးများ စသည်၊ ရုပ်သံထုတ်ကုန်ထုတ်ဝေမှုများကို ဒေါင်းလုဒ်လုပ်ခြင်းများ (ရုပ်ရှင်၊ တေးဂီတ၊ တိုက်ရိုက်ဖျော်ဖြေပွဲများ ရိုက်ကူးမှု အပါအဝင်) စသည်၊ ကျန်းမာရေး၊ ပညာရေး၊ ယဉ်ကျေးမှုအမွေအနှစ်နှင့် အခြား ယဉ်ကျေးမှုဆိုင်ရာ ဝန်ဆောင်မှုများ၊ အားကစားနှင့် အပန်းဖြေအနားယူခြင်းဆိုင်ရာ ဝန်ဆောင်မှုများ စသည်တို့ ပါဝင်သည်။

## အခြားခေါင်းစဉ်အောက်တွင် မပါရှိသည့် အစိုးရအတွက် ဝန်ဆောင်မှုများ (၃၈၀၀)

ဤအကြောင်းအရာအောက်တွင် သံရုံးများနှင့် နိုင်ငံတကာအဖွဲ့အစည်းများသို့ ပေးသောနှင့် ယင်းအဖွဲ့အစည်းများမှ ရယူသော ကုန်စည်နှင့် ဝန်ဆောင်မှုများ ပါဝင်ရာ သံတမန်များ၊ သံရုံးဝန်ထမ်းများနှင့် ပြည်ပတွင် တာဝန်ထမ်းဆောင်သော စစ်တပ်အမှုထမ်း အရာထမ်းများနှင့် ၎င်းတို့၏မှီခိုသူများက လိုအပ်သော ကုန်စည်နှင့် ဝန်ဆောင်မှုများကို အိမ်ရှင်နိုင်ငံထံမှ ရယူမှုများ ပါဝင်သည်။ အထက်ဖော်ပြပါ ဝန်ဆောင်မှုကုဒ်နံပါတ် တစ်ခုခုတွင် ထည့်သွင်းသတ်မှတ်နိုင်သည့် ဝန်ဆောင်မှုများရှိလျှင် အစိုးရသို့ ပေးအပ်သည့် ဝန်ဆောင်မှုများစာရင်းတွင် ထည့်သွင်းခြင်း **မပြုရပါ။**

## ၄။ ဝင်ငွေ

ဤအမျိုးအစားအောက်တွင် အောက်ပါဝင်ငွေများ ပါဝင်သည် - (၁) မြန်မာနိုင်ငံတွင် အမြဲတန်းနေထိုင်သူများက အမြဲတန်းနေထိုင်သူ မဟုတ်သူများထံမှ လက်ခံရရှိသော ဝင်ငွေ (ပြည်တွင်းသို့ လွှဲပြောင်းပေးငွေများ)၊ နှင့် မြန်မာနိုင်ငံတွင် အမြဲနေထိုင်သူ၏ လုပ်ငန်းများမှ အမြဲနေထိုင်သူမဟုတ်သူများသို့ ပေးချေရန်ရှိသော ဝင်ငွေ (ပြည်ပသို့ လွှဲပြောင်းပေးငွေများ)။ ယေဘူယျအားဖြင့် ဝင်ငွေများသည် အစုပေါ် အမြတ်ငွေများ၊ ဝေပုံကျအမြတ်ငွေနှင့် အတိုးများ ဖြစ်သည်။ အခွန်များ၊ အမတော်ငွေများ၊ ငှားရမ်းခများနှင့် လုပ်အားခများဆိုင်ရာ ပေးချေမှုများနှင့်လည်း သက်ဆိုင်သည်။

### အစုပေါ် အမြတ်ငွေများ (၄၁၀၀)

ဤစာရင်းအောက်တွင် စတော့ (ရှယ်ယာများ) ပေးချေမှုများ သို့မဟုတ် လုပ်ငန်းရှယ်ယာတန်ဖိုး အတိုးနှင့် ညီမျှသော ပေးချေမှုများကို ထည့်သွင်းရမည်။

### အတိုး (၄၃၀၀)

ဤခေါင်းစဉ်အောက်တွင် <u>အစုရှယ်ယာပိုင်ဆိုင်မှုမှလွဲ၍</u> အခြား ငွေကြေးပိုင်ဆိုင်မှုများမှ ရရှိသည့် ဝင်ငွေများကို ထည့်သွင်းရန် ဖြစ်သည်။

### အခွန်များ (၄၄၀၀)

ဤခေါင်းစဉ်အောက်တွင် ကုန်ပစ္စည်း၏တန်ဖိုးအပေါ် စည်းကြပ်သည့်အခွန်၊ သွင်းကုန်အခွန်၊ ပို့ကုန်အခွန်နှင့် ယစ်မျိုးခွန် စသည်၊ လစာငွေအခွန်၊ အဆောက်အအုံနှင့် မြေယာအတွက် ဆက်တိုက်ပေးဆောင်ရသည့် အခွန်နှင့် လုပ်ငန်းလိုင်စင်ကဲ့သို့သော ထုတ်ကုန်ပေါ် ချမှတ်သည့် အခွန်များ ပါဝင်သည်။

### အမတော်ငွေများ (၄၅၀၀)

ဤခေါင်းစဉ်အောက်တွင် နိုင်ငံတစ်နိုင်ငံ၏ အစိုးရနှင့် အခြားနိုင်ငံတစ်နိုင်ငံ၏ အမြဲတန်းနေထိုင်သူများအကြား အမတော်ကြေး ပေးငွေများကို ထည့်သွင်းရမည်။

### ငှားရမ်းခြင်း (၄၆၀၀)

သဘာဝအရင်းအမြစ်များကို အသုံးပြုမှု အတွက် ပေးချေသော သို့မဟုတ် လက်ခံရရှိသော ငွေကြေးများကို ငှားရမ်းခြင်းအောက်တွင် ထည့်သွင်းရမည်။ ယင်းအတွက် ဥပမာများထဲတွင် သတ္တုတူးဖော်ရေးလုပ်ငန်းအတွက် မြေယာအသုံးပြုခြင်း၊ အခြား မြေအောက်အလွှာများကို အသုံးပြုခြင်း၊ ငါးဖမ်းခြင်း၊ သစ်တောလုပ်ငန်းနှင့် စားကျက်မြေငှားရမ်း အသုံးပြုမှုများ ပါဝင်သည်။ ဤခေါင်းစဉ်အောက်တွင် မပါဝင်သည့် အရာများမှာ လုပ်ငန်းအတွက် ငှားရမ်းခြင်း (ကိရိယာငှားရမ်းခြင်း) အတွက် ပေးချေမှုများ ဖြစ်သည်။

**အလုပ်သမားဝန်ထမ်းများအတွက် လစာ (၄၇၁၁)**

ဤခေါင်းစဉ်အောက်တွင် အမြဲတမ်းနေထိုင်သူနှင့် အမြဲတမ်းမနေထိုင်သူအကြား အလုပ်ရှင်-အလုပ်သမား တိုက်ရိုက်ခန့်ထားခြင်းအတွက် ပေးချေသည့် လစာငွေများကို ထည့်သွင်းရမည်။ ဥပမာအားဖြင့် ပြည်တွင်းသို့ ငွေလွှဲပြောင်းပေးခြင်းတစ်ခုသည် အမြဲတမ်းနေထိုင်သူ မဟုတ်သည့် လုပ်ငန်း သို့မဟုတ် အဖွဲ့အစည်းမှ မြန်မာနိုင်ငံတွင် အမြဲတမ်းနေထိုင်သည့် အလုပ်သမားဝန်ထမ်းအား ပေးချေသည့် ငွေကြေး ဖြစ်သည်။ အမြဲတမ်းနေထိုင်သူ မဟုတ်သည့် ကုမ္ပဏီက မြန်မာနိုင်ငံတွင်ရှိသည့် ၎င်း၏ဌာနခွဲများ (ရုံးခွဲများ၊ လက်အောက်ခံ ကုမ္ပဏီခွဲများ စသည်) ၏ ဒေသခံဝန်ထမ်းများအား ပေးသည့်လစာငွေများကို ထည့်သွင်းခြင်း မပြုရပါ။

**၅။ ငွေလွှဲခြင်းများ (လက်ငင်းနှင့် မတည်ငွေ)**

**အလုပ်သမားများမှ ငွေလွှဲခြင်းများ (၅၂၁၁)**

အလုပ်သမားများ၏ လွှဲငွေများတွင် ပြည်ပတွင် အမြဲတမ်းနေထိုင် အလုပ်လုပ်ကိုင်သည့် ရွှေ့ပြောင်းအလုပ်သမားများက ၎င်းတို့၏ မိခင်နိုင်ငံသို့ ငွေလွှဲပေးပို့ခြင်းများ ပါဝင်သည်။ ပြည်တွင်းသို့ လွှဲငွေမှာ ပြည်ပနိုင်ငံ၌ နေထိုင် အလုပ်လုပ်ကိုင်နေကြသော မြန်မာနိုင်ငံသားများက မြန်မာနိုင်ငံတွင် အမြဲတမ်းနေထိုင်သူများထံ ပေးပို့သည့် ငွေများ ဖြစ်သည်။

**အခြား ပုဂ္ဂလိက ငွေလွှဲခြင်းများ (၅၃၁၁)**

အခြား ပုဂ္ဂလိကငွေလွှဲခြင်းများတွင် အလုပ်သမားများက လွှဲငွေများမဟုတ်သည့် လက်ငင်းလွှဲငွေအားလုံး ပါရှိပြီး ငွေသားအားဖြင့်သော် လည်းကောင်း၊ အခြားနည်းဖြင့်သော် လည်းကောင်း အမြဲတန်းနေထိုင်သူ မိသားစုထံသို့ အမြဲတန်းနေထိုင်သူမဟုတ်သည့် မိသားစုထံမှ ပေးပို့သည့် သို့မဟုတ် လက်ခံရရှိသည့် လွှဲငွေ ဖြစ်သည်။

**အခြေခံအဆောက်အအုံအတွက် ငွေချထားခြင်းနှင့် ပစ္စည်း ဝယ်ယူခြင်းများ (၅၄၀၀)**

ဤခေါင်းစဉ်အောက်တွင် မြန်မာနိုင်ငံအစိုးရသို့ သို့မဟုတ် ၎င်း၏အေဂျင်စီများသို့ အခြေခံအဆောက်အအုံစီမံချက်များအတွက် ပေးအပ်သော ထောက်ပံ့ကြေးများနှင့် မတည်သည့် ပစ္စည်းများ ဝယ်ယူခြင်း (အများအားဖြင့် အခြေခံအဆောက်အအုံစီမံကိန်းတွင် အသုံးပြုရန်) တို့ ပါဝင်သည်။

**ဖွံ့ဖြိုးတိုးတက်မှု အထောက်အကူ (၅၅၀၀)**

နိုင်ငံခြား အစိုးရများ သို့မဟုတ် နိုင်ငံတကာ အဖွဲ့အစည်းများနှင့် မြန်မာအစိုးရတို့အကြား လက်ရှိ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အသုံးစရိတ်များအတွက် ပေးချေရန် ငွေလွှဲပြောင်းမှုများ ပါဝင်သည်။ သဘာဝဘေးဒဏ်ကျရောက်ပြီးသည့်နောက် အရေးပေါ်အကူအညီများနှင့် ပေးငွေများ (အစိုးရသို့) လည်း ပါဝင်ရာ ၎င်းတွင် မြန်မာအစိုးရက ခန့်အပ်ထားပြီး မြန်မာနိုင်ငံတွင် အမြဲတန်းနေထိုင်သူ နည်းပညာဆိုင်ရာပံ့ပိုးပေးသည့် ဝန်ထမ်းများအား ပေးသည့် လစာများလည်း ပါဝင်သည်။

**အခြားလတ်တလော ငွေလွှဲခြင်းများ (၅၆၀၀)**

အခြားလတ်တလောငွေလွှဲခြင်းများတွင် အောက်ပါတို့ ပါဝင်သည်-

(က) ဝင်ငွေ၊ ပိုင်ဆိုင်မှု စသည်တို့အပေါ် လက်ငင်းကောက်ခံသည့် အခွန်
(ခ) လူမှုဖူလုံရေး ရံပုံငွေထည့်သွင်းမှုများ
(ဂ) လူမှုဖူလုံရေးခံစားခွင့်များ
(ဃ) အသားတင် ထပ်ဆင့်အာမခံသွင်းငွေ
(င) ထပ်ဆင့်အာမခံ လျော်ကြေး
(စ) လက်တလော နိုင်ငံတကာပူးပေါင်းဆောင်ရွက်ခြင်းနှင့်
(ဆ) အထွေထွေ လက်တလောလွှဲငွေများ

ဤခေါင်းစဉ်အောက်တွင် (ဥပမာ- မိခင်ကုမ္ပဏီမှ မြန်မာနိုင်ငံရှိ လက်အောက်ခံကုမ္ပဏီခွဲသို့ လွှဲပြောင်းသည့်) လုပ်ငန်းများအကြား မည်သည့်ငွေလွှဲပြောင်းမှုမျိုးမဆို ထည့်သွင်းခြင်း မပြုရပါ။

## II - ငွေကြေးဆိုင်ရာ အကောင့်[1]

### ၇။ အမြဲတန်းမနေသူများနှင့် ပတ်သက်၍ ရပိုင်ခွင့်တောင်းဆိုမှုများ (ပိုင်ဆိုင်မှုများ) အတွက် ငွေလွှဲခြင်း

**အစုရှယ်ယာ (၇၁၀၀)**

ဤခေါင်းစဉ်အောက်တွင် ပြည်ပလုပ်ငန်းများက မြန်မာနိုင်ငံတွင်းအမြဲနေထိုင်သူများ၏ ပိုင်ဆိုင်မှုများကို ဝယ်ယူမှုများ (ဒက်ဘစ်) နှင့် ရောင်းချမှုများ (ခရက်တစ်) ကို ထည့်သွင်းရမည်။ "အထူးအချက်များ" အောက်တွင် ဝယ်ယူခြင်း သို့မဟုတ် ရောင်းချခြင်းပြုလုပ်သည့် ရှယ်ယာများ၏ ရာခိုင်နှုန်းတို့ကို ထည့်သွင်းအကြောင်းကြား ဖော်ပြရန် အကြံပြုထားပါသည်။

**သက်ဆိုင်ရာလုပ်ငန်းများအကြားရှိ ကြွေးမြီများ (၇၂၀၀)**

ဤခေါင်းစဉ်အောက်တွင် မြန်မာနိုင်ငံတွင် အမြဲတန်းနေထိုင်သူလုပ်ငန်းများ၏ ဘဏ္ဍာငွေ (ဒက်ဘစ်) နောက်ဆက်တွဲများ ပါဝင်ပြီး ပြည်ပရှိ ၎င်းတို့၏ တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုနှင့် လုပ်ဖော်ကိုင်ဖက် လုပ်ငန်းများ (တူညီသော မိခင်ပင်ရင်းကုမ္ပဏီအောက်ရှိ အခြားကုမ္ပဏီများ) သို့ ကြွေးမြီအဖြစ် ပေးခြင်း (ချေးငွေများ၊ ငွေကြေးနှင့် ငွေသွင်းခြင်းများ၊ ငွေချေးလက်မှတ်များ၊ ကုန်သွယ်မှုခရက်တစ်နှင့် ကြိုတင်ငွေများ) နှင့် ၎င်းတို့၏ ပြန်ဆပ်ငွေများ (ခရက်တစ်) တို့ကို ထည့်သွင်းရမည်။ အမြဲတန်းနေထိုင်သူမဟုတ်သည့် လုပ်ငန်းသည် မြန်မာနိုင်ငံရှိ ကုမ္ပဏီနှင့်

---

[1] မှတ်ချက်- **နှစ်ရှည် ရင်းနှီးမြှုပ်နှံမှု** ဆိုသည်ကို တစ်နှစ်ထက်ပိုသော သို့မဟုတ် သက်တမ်းကုန်ရက် မဖော်ပြထားသော မူရင်းစာချုပ်ပါ ရင်းနှီးမြှုပ်နှံမှုဟု အဓိပ္ပါယ်ဖွင့်ဆိုသည်။ **နှစ်တို ရင်းနှီးမြှုပ်နှံမှု** ဆိုသည်ကို လိုအပ်သလို ပေးနိုင်သည့် ရင်းနှီးမြှုပ်နှံမှု သို့မဟုတ် တစ်နှစ် သို့မဟုတ် တစ်နှစ်အောက်သက်တမ်းရှိသော မူရင်းစာချုပ်ပါ ရင်းနှီးမြှုပ်နှံမှုဟု အဓိပ္ပါယ်ဖွင့်ဆိုသည်။

ဆက်စပ်ပတ်သက်မှု ရှိ မရှိ ဆိုသည်ကို မသိရှိပါက ငွေလွှဲပြောင်းမှုကို သတ်မှတ်ထားသည့် အမျိုးအစားအောက်တွင် ထားရှိမည်။

**နှစ်ရှည် ငွေချေးစာချုပ်များ (၇၃၁၀)**

အမြဲတန်းနေထိုင်သူမဟုတ်သည့် လုပ်ငန်းများမှထုတ်လုပ်သည့် နှစ်ရှည် ငွေချေးစာချုပ်များကို မြန်မာနိုင်ငံတွင် အမြဲတန်းနေထိုင်သူများက ဝယ်ယူမှု (ဒက်ဘစ်) နှင့် ရောင်းချမှု (ခရက်တစ်) များကို ထည့်သွင်းဖော်ပြရမည်။

**နှစ်တို ငွေချေးစာချုပ်များ (၇၃၂၀)**

အမြဲတန်းနေထိုင်သူမဟုတ်သည့် လုပ်ငန်းများမှထုတ်လုပ်သည့် နှစ်တို ငွေချေးစာချုပ် များကို မြန်မာနိုင်ငံတွင် အမြဲတန်းနေထိုင်သူများက ဝယ်ယူမှု (ဒက်ဘစ်) နှင့် ရောင်းချမှု (ခရက်တစ်) များကို ထည့်သွင်းဖော်ပြရမည်။

**ရွေးချယ်စရာများ၊ ကြိုရောင်းကြိုဝယ်ခြင်း၊ ခွင့်ပြုမိန့်များ၊ ကုန်စည်ဖလှယ်ခြင်းများ စသည် (၇၄၀၀)**

ငွေကြေးစာချုပ်စာတန်းများနှင့် သက်ဆိုင်သည့် ငွေစာရင်းရှင်းတန်း (ဒက်ဘစ်နှင့် ခရက်တစ်များ) တောင်းဆိုမှုများကို ထည့်သွင်းရမည်။

**ချေးငွေ၊ နှစ်ရှည် (၇၅၁၀)**

မြန်မာနိုင်ငံတွင် အမြဲနေထိုင်သူထံမှ အမြဲတန်းမနေထိုင်သူအားပေးသည့် နှစ်ရှည်ချေးငွေ (ဒက်ဘစ်) လျာထားချက်နှင့် အမြဲတန်းမနေထိုင်သူက မြန်မာနိုင်ငံတွင် အမြဲနေထိုင်သူအား ယင်းချေးငွေကို ပြန်ဆပ်ခြင်း (ခရက်တစ်) တို့ကို ထည့်သွင်းရမည်။

**ချေးငွေ၊ နှစ်တို (၇၅၂၀)**

မြန်မာနိုင်ငံတွင် အမြဲနေထိုင်သူထံမှ အမြဲတန်းမနေထိုင်သူအားပေးသည့် နှစ်တိုချေးငွေ (ဒက်ဘစ်) လျှာထားချက်နှင့် အမြဲတန်းမနေထိုင်သူက မြန်မာနိုင်ငံတွင် အမြဲနေထိုင်သူအား ယင်းချေးငွေကို ပြန်ဆပ်ခြင်း (ခရက်တစ်) တို့ကို ထည့်သွင်းရမည်။

## ကုန်သွယ်မှုချေးငွေနှင့် ကြိုတင်ပေးငွေ၊ နှစ်ရှည် (၇၅၃၁)

ဤခေါင်းစဉ်အောက်တွင် ကုန်စည် သို့မဟုတ် ဝန်ဆောင်ခများ ရောင်းချသည့် သွင်းကုန်(ဒက်ဘစ်) အတွက် မြန်မာနိုင်ငံတွင် အမြဲနေထိုင်သူများက အမြဲတန်းနေထိုင်သူ မဟုတ်သူများသို့ ပေးချေသည့် နှစ်ရှည်ကြိုတင်ပေးငွေ၊ နှင့် မြန်မာနိုင်ငံမှ တင်ပို့သည့် ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုများအတွက် အမြဲတန်းနေထိုင်သူမဟုတ်သည့် ဝယ်ယူသူများက နှစ်ရှည် ကုန်သွယ်မှုချေးငွေ (ခရက်တစ်) ကို ပြန်လည်ပေးချေငွေတို့ ပါဝင်သည်။ ဤခေါင်းစဉ်အောက်တွင် ဥပမာ- ပုဂ္ဂလိကဘဏ်များ၊ သွင်းကုန်ထုတ်ကုန် ဘဏ်များ သို့မဟုတ် ပြည်သူပိုင်ဘဏ်များမှ ရရှိသော ကုန်သွယ်မှုချေးငွေများကို ထည့်သွင်းခြင်း မပြုရပါ။

## ကုန်သွယ်မှုချေးငွေနှင့် ကြိုတင်ပေးငွေ၊ နှစ်တို (၇၅၄၁)

ဤခေါင်းစဉ်အောက်တွင် ကုန်စည် သို့မဟုတ် ဝန်ဆောင်ခများ ရောင်းချသည့် သွင်းကုန်(ဒက်ဘစ်) အတွက် မြန်မာနိုင်ငံတွင် အမြဲနေထိုင်သူများက အမြဲတန်းနေထိုင်သူ မဟုတ်သူများသို့ ပေးချေသည့် နှစ်တိုကြိုတင်ပေးငွေ၊ နှင့် မြန်မာနိုင်ငံမှ တင်ပို့သည့် ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုများအတွက် အမြဲတန်းနေထိုင်သူမဟုတ်သည့် ဝယ်ယူသူများက နှစ်တို ကုန်သွယ်မှုချေးငွေ (ခရက်တစ်) ကို ပြန်လည်ပေးချေငွေတို့ ပါဝင်သည်။ ဤခေါင်းစဉ်အောက်တွင် ဥပမာ- ပုဂ္ဂလိကဘဏ်များ၊ သွင်းကုန်ထုတ်ကုန် ဘဏ်များ သို့မဟုတ် ပြည်သူပိုင်ဘဏ်များမှ ရရှိသော ကုန်သွယ်မှုချေးငွေများကို ထည့်သွင်းခြင်း မပြုရပါ။

## အပ်ငွေများ (၇၆၁၁)

အမြဲတန်းနေထိုင်သူမဟုတ်သည့် လုပ်ငန်းများ (အများအားဖြင့် ဘဏ်များ) တွင် မြန်မာနိုင်ငံတွင် အမြဲနေထိုင်သူများက ငွေအပ်နှံခြင်း (ဒက်ဘစ်) နှင့် ယင်းအပ်နှံငွေကို ထုတ်ယူခြင်း (ခရက်တစ်) တို့ကို ထည့်သွင်းရမည်။

## အခြား (၇၈၁၁)

အထက်ဖော်ပြပါ အမျိုးအစားခေါင်းစဉ်များအောက်တွင် မပါရှိသော အမြဲနေထိုင်သူမဟုတ်သည့်လုပ်ငန်းသို့ မြန်မာနိုင်ငံတွင် အမြဲတန်းနေထိုင်သူများက အပ်နှံမှုတိုးမြှင့်ခြင်း (ဒက်ဘစ်) သို့မဟုတ် လျှော့ချခြင်း (ခရက်တစ်) တို့ကို ထည့်သွင်းဖော်ပြရမည်။

**၈။ အမြဲတန်းနေထိုင်သူ မဟုတ်သူများအား <u>ပေးရန်တာဝန်ရှိသည့်</u> ငွေလွှဲပြောင်းခြင်းများ**

**အစုရှယ်ယာ (၈၁၀၀)**

ဤစာရင်းအောက်တွင် ထည့်သွင်းဖော်ပြရမည့် အရာများမှာ တိုးမြှင့်ခြင်းများ၊ ဥပမာ-ရင်းနှီးမြှုပ်နှံမှုအသစ်များ တိုးမြှင့်ခြင်း၊ ရင်းနှီးငွေ ဖြည့်ခြင်း (သို့မဟုတ် မတည်ငွေ ထည့်သွင်းခြင်း) နှင့် ဒေသခံလုပ်ငန်းများကို ဝယ်ယူခြင်းများ (ခရက်တစ်)၊ နှင့် အမြဲတန်းနေထိုင်သူ မဟုတ်သူများက မြန်မာနိုင်ငံတွင်း လုပ်ငန်းများတွင် အစုရှယ်ယာ လျှော့ချခြင်း (ဒက်ဘစ်) တို့ ဖြစ်သည်။ "အထူးအချက်များ" ကဏ္ဍတွင် ရှယ်ယာများ၏ ဝယ်ယူသော သို့မဟုတ် ရောင်းချသော ရာခိုင်နှုန်းကို ထည့်သွင်း သတင်းပေးပို့ရန် အကြံပြုပါသည်။

**သက်ဆိုင်သောလုပ်ငန်းများအကြားရှိ ကြွေးမြီများ (၈၂၀၀)**

ဤခေါင်းစဉ်အောက်တွင် ကြွေးမြီများ (ချေးငွေ၊ ငွေသားနှင့် အပ်ငွေများ၊ အာမခံစာချုပ်များ၊ ကုန်သွယ်မှုခရက်တစ်နှင့် ကြိုတင်ပေးငွေများ) နှင့် ၎င်းတို့၏ ပြန်ဆပ်ငွေ (ဒက်ဘစ်) များအားဖြင့် မြန်မာနိုင်ငံတွင် တိုက်ရိုက်ရင်းနှီးမြှုပ်နှံသည့်လုပ်ငန်းများ (လက်အောက်ခံကုမ္ပဏီများ) အတွက် အမြဲတန်းမနေထိုင်သူများ၏ လုပ်ငန်းများက ရာထားချက်ရန်ပုံငွေများ (ခရက်တစ်) ကို ထည့်သွင်းဖော်ပြရမည်။
မြန်မာနိုင်ငံရှိ ကုမ္ပဏီများသည် အမြဲတန်းနေထိုင်သူမဟုတ်သည့် လုပ်ငန်းနှင့် ပတ်သက်ဆက်စပ်မှု ရှိ-မရှိ မသိရှိလျှင် ဖော်ပြထားသည့် ကဏ္ဍအောက်တွင် အမျိုးအစားသတ်မှတ် ထည့်သွင်းရပါမည်။

**ပင်မမိခင်ကုမ္ပဏီများက သက်ဆိုင်သော ဒေသခံဝန်ထမ်းများအား ပေးသည့်အခကြေးငွေ (၈၂၅၀)**

ဤခေါင်းစဉ်အောက်တွင် အမြဲတန်းနေထိုင်သူ မဟုတ်သည့် လုပ်ငန်းများက မြန်မာနိုင်ငံတွင် ရှိသည့် ယင်းတို့၏ လက်အောက်ခံ ဆက်စပ်နေသောလုပ်ငန်းများ (ရုံးခွဲများ၊ လက်အောက်ခံ ကုမ္ပဏီများ) သို့ ပေးသောကုန်ကျစရိတ်များ သို့မဟုတ် တွဲဖက်လုပ်ငန်းများ (ပင်ရင်း မိခင်ကုမ္ပဏီ တစ်ခုတည်းက ပိုင်ဆိုင်သည့် အခြားကုမ္ပဏီများ) သို့ လွှဲပြောင်းပေးအပ်သည့်ငွေ (ခရက်တစ်) ကို ဖော်ပြရမည်။ အကယ်၍ ပေးချေခဲ့သည့် ကုန်ကျစရိတ်များကို အမြဲတန်းမနေထိုင်သည့် ကုမ္ပဏီသို့ နောက်ပိုင်းတွင် ပြန်လည်ပေးဆပ်ရမည်ဆိုပါက ယင်းတို့ကို ဤစာရင်းအောက်တွင် ထည့်သွင်းခြင်း <u>မပြုရပါ</u>။ ယင်းအစား ကုဒ်နံပါတ် ၈၅၁၈ နှင့် ၈၅၂၈ အောက်တွင် ထည့်သွင်းရပါမည်။

**နှစ်ရှည် ငွေချေးစာချုပ်များ (၈၃၁၈)**

<u>အမြဲတန်းနေထိုင်သောလုပ်ငန်းများမှ ထုတ်သည့်</u> နှစ်ရှည် ငွေချေးစာချုပ်များအား ရောင်းချခြင်း (ခရက်တစ်) နှင့် ဝယ်ယူခြင်း သို့မဟုတ် ပြန်ဆပ်ခြင်း (ဒက်ဘစ်) တို့ကို ထည့်သွင်းဖော်ပြရမည်။

**နှစ်တို ငွေချေးစာချုပ်များ (၈၃၂၈)**

<u>အမြဲတန်းနေထိုင်သောလုပ်ငန်းများမှ ထုတ်သည့်</u> နှစ်တို ငွေချေးစာချုပ်များအား ရောင်းချခြင်း (ခရက်တစ်) နှင့် ဝယ်ယူခြင်း သို့မဟုတ် ပြန်ဆပ်ခြင်း (ဒက်ဘစ်) တို့ကို ထည့်သွင်း ဖော်ပြရမည်။

**ရွေးချယ်စရာများ၊ ကြိုရောင်းကြိုဝယ်ခြင်းများ၊ ခွင့်ပြုမိန့်များ၊ ကုန်စည်ဖလှယ်ခြင်းများ စသည် (၈၄၈၈)**

ငွေကြေးစာချုပ်စာတန်းများနှင့် သက်ဆိုင်သည့် ငွေစာရင်းရှင်းတန်း (ဒက်ဘစ်နှင့် ခရက်တစ်များ) တောင်းဆိုမှုများကို ထည့်သွင်းရမည်။

**ချေးငွေ၊ နှစ်ရှည် (၈၅၁၈)**

အမြဲတန်းမနေထိုင်သူက မြန်မာနိုင်ငံတွင် အမြဲနေထိုင်သူအား ပေးသည့် နှစ်ရှည်ချေးငွေ (ခရက်တစ်) လျာထားချက်နှင့် အမြဲတန်းမနေထိုင်သူက မြန်မာနိုင်ငံတွင် အမြဲနေထိုင်သူအား ယင်းချေးငွေကို ပြန်ဆပ်ခြင်း (ဒက်ဘစ်) တို့ကို ထည့်သွင်းရမည်။

**ချေးငွေ၊ နှစ်တို (၈၅၂၈)**

အမြဲတန်းမနေထိုင်သူက မြန်မာနိုင်ငံတွင် အမြဲနေထိုင်သူအား ပေးသည့် နှစ်တိုချေးငွေ (ခရက်တစ်) လျာထားချက်နှင့် အမြဲတန်းမနေထိုင်သူက မြန်မာနိုင်ငံတွင် အမြဲနေထိုင်သူအား ယင်းချေးငွေကို ပြန်ဆပ်ခြင်း (ခရက်တစ်) တို့ကို ထည့်သွင်းရမည်။

## ကုန်သွယ်မှုချေးငွေနှင့် ကြိုတင်ပေးငွေ၊ နှစ်ရှည် (၈၅၃၀)

ဤခေါင်းစဉ်အောက်တွင် ကုန်စည် သို့မဟုတ် ဝန်ဆောင်ခများ တင်ပို့ရောင်းချသည့် ပို့ကုန်(ခရက်တစ်) အတွက် အမြဲတန်းနေထိုင်သူ မဟုတ်သူများက မြန်မာနိုင်ငံတွင် အမြဲနေထိုင်သူများသို့ ပေးချေသည့် နှစ်ရှည်ကြိုတင်ပေးငွေ၊ နှင့် မြန်မာနိုင်ငံသို့ တင်ပို့သည့် ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုများအတွက် အမြဲတန်းနေထိုင်သူမဟုတ်သည့် ရောင်းချသူများသို့ နှစ်ရှည် ကုန်သွယ်မှုချေးငွေ (ဒက်ဘစ်) ကို ပြန်လည်ပေးဆပ်ငွေတို့ ပါဝင်သည်။ ဤခေါင်းစဉ်အောက်တွင် ဥပမာ- ပုဂ္ဂလိကဘဏ်များ၊ သွင်းကုန်ထုတ်ကုန် ဘဏ်များ သို့မဟုတ် ပြည်သူပိုင်ဘဏ်များမှ ရရှိသော ကုန်သွယ်မှုချေးငွေများကို ထည့်သွင်းခြင်း မပြုရပါ။

## ကုန်သွယ်မှုချေးငွေနှင့် ကြိုတင်ပေးငွေ၊ နှစ်တို (၈၅၄၀)

ဤခေါင်းစဉ်အောက်တွင် ကုန်စည် သို့မဟုတ် ဝန်ဆောင်ခများ ရောင်းချသည့် သွင်းကုန်(ခရက်တစ်) အတွက် အမြဲတန်းနေထိုင်သူမဟုတ်သူများက မြန်မာနိုင်ငံတွင် အမြဲနေထိုင်သူများသို့ ပေးချေသည့် နှစ်တိုကြိုတင်ပေးငွေ၊ နှင့် မြန်မာနိုင်ငံသို့ တင်ပို့သည့် ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုများအတွက် အမြဲတန်းနေထိုင်သူမဟုတ်သည့် ရောင်းချသူများက နှစ်တို ကုန်သွယ်မှုချေးငွေ (ဒက်ဘစ်) ကို ပြန်လည်ပေးဆပ်ငွေတို့ ပါဝင်သည်။ ဤခေါင်းစဉ်အောက်တွင် ဥပမာ- ပုဂ္ဂလိကဘဏ်များ၊ သွင်းကုန်ထုတ်ကုန် ဘဏ်များ သို့မဟုတ် ပြည်သူပိုင်ဘဏ်များမှ ရရှိသော ကုန်သွယ်မှုချေးငွေများကို ထည့်သွင်းခြင်း မပြုရပါ။

## အပ်ငွေများ (၈၆၀၀)

မြန်မာနိုင်ငံတွင် အမြဲနေထိုင်သည့် လုပ်ငန်းများ (အများအားဖြင့် ဘဏ်များ) တွင် မြန်မာနိုင်ငံတွင် အမြဲနေထိုင်သူ မဟုတ်သူများက ငွေအပ်နှံခြင်း (ခရက်တစ်) နှင့် အမြဲတန်းနေထိုင်သူ မဟုတ်သူများက ယင်းအပ်နှံငွေကို ထုတ်ယူခြင်း (ဒက်ဘစ်) တို့ကို ထည့်သွင်းရမည်။

**အခြား (၈၈၁၁)**

အထက်ဖော်ပြပါ အမျိုးအစားခေါင်းစဉ်များအောက်တွင် မပါရှိသော မြန်မာနိုင်ငံတွင် အမြဲနေထိုင်သူများ၏လုပ်ငန်းသို့ အမြဲတန်းနေထိုင်သူ မဟုတ်သူများက အပ်နှံမှုတိုးမြှင့်ခြင်း (ခရက်တစ်) သို့မဟုတ် လျှော့ချခြင်း (ဒက်ဘစ်) တို့ကို ထည့်သွင်းဖော်ပြရမည်။

**၉။ အမြဲနေထိုင်သူများအကြား ငွေလွှဲပြောင်းခြင်း**

**အမြဲတန်းနေထိုင်သူများ၏ အကောင့်များအကြား ငွေလွှဲပြောင်းခြင်း (၉၁၁၁)**

မြန်မာနိုင်ငံဘဏ်အမျိုးမျိုးတွင်ရှိသော အမြဲတန်းနေထိုင်သူများ၏ အကောင့်များအကြား ငွေလွှဲပြောင်းခြင်းများကို ဤစာရင်းတွင် ထည့်သွင်းဖော်ပြရမည်။

**မြန်မာနိုင်ငံရှိ ဘဏ်များအကြား ငွေလွှဲပြောင်းခြင်း (၉၁၁၁)**

မြန်မာနိုင်ငံရှိ ဘဏ်များအကြား ငွေလွှဲပြောင်းခြင်းများကို ထည့်သွင်းဖော်ပြရမည်။

**ပြည်ပရှိဘဏ်နှင့် ပြည်တွင်းဘဏ်တို့အကြား ငွေလွှဲပြောင်းခြင်း (၉၂၁၁)**

မြန်မာနိုင်ငံရှိ ဘဏ်များနှင့် အမြဲတန်းနေထိုင်သူမဟုတ်သည့် ဘဏ်များအကြား ငွေလွှဲပြောင်းခြင်းများကို ထည့်သွင်းဖော်ပြရမည်။

**ပြည်တွင်းဘဏ်အကောင့်များမှ ငွေသွင်းငွေထုတ်ခြင်း (၉၃၁၁)**

အခြားအမျိုးအစားတွင် ထည့်သွင်းဖော်ပြထားခြင်းမရှိသော ပြည်တွင်းဘဏ်အကောင့်များသို့ ငွေသွင်းငွေထုတ်ခြင်းများကို ဖော်ပြရမည်။ ဤအမျိုးအစားတွင် မပါရှိသည့် အရာများမှာ ပြည်တွင်းဘဏ်အကောင့်များအကြား ငွေလွှဲပြောင်းခြင်းများ၊ မြန်မာနိုင်ငံတွင် အမြဲနေထိုင်သူဘဏ်များအကြား ငွေလွှဲပြောင်းခြင်း၊ ပြည်တွင်းဘဏ်နှင့် ပြည်ပဘဏ်အကြား ငွေလွှဲပြောင်းခြင်းတို့ ဖြစ်သည်။

**အမြဲတန်းနေထိုင်သူများနှင့် ပြည်တွင်းဘဏ်များအကြား နိုင်ငံခြားငွေရောင်းဝယ်ခြင်း (၉၄၁၁)**

အခြားအမျိုးအစားတွင် ထည့်သွင်းဖော်ပြထားခြင်းမရှိသည့် နိုင်ငံခြားငွေသားကို ရောင်းဝယ်မှုများထဲမှ အမြဲတန်းနေထိုင်သူများက ရောင်းခြင်း၊ ဝယ်ခြင်းတို့ကို ဤခေါင်းစဉ်အောက်တွင် ဖော်ပြရမည်။

**၁၇။ ရောင်းချမှုမှ ရရှိသည့် အမြတ် သို့မဟုတ် အရှုံး (၉၉၇၇)**

နိုင်ငံခြားငွေရောင်းချမှုမှ ရရှိသည့် ဘဏ်များ၏အမြတ်နှင့် အရှုံးများကို ဤခေါင်းစဉ်အောက်တွင် ထည့်သွင်းဖော်ပြရမည်။